EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၅၁

မတ် ၂၀ ရက်၊ ၂၀၁၈



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးစဉ်။ (ဓာတ်ပုံ-ကန္တာရဝတီတိုင်း(မ်))

## ၂ နှစ်ပြည့် ကယားပြည်နယ်လွှတ်တော်

**မတ် ၁၊ ၂၀၁၈**

ကယားပြည်နယ်လွှတ်တော်တွင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ခံ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၀ ဦး ရှိသည်။

ဒုတိယအကြိမ်ကယားပြည်နယ်လွှတ်တော်သက်တမ်း ၂ နှစ်တာ ကာလတွင် မေးခွန်း၊ အဆို အများဆုံးတင်သွင်းခဲ့သည့် ကိုယ်စားလှယ်မှာ NLD ပါတီမှ ဦးအောင်နိုင်ဦး(မယ်စဲ့-၁) ဖြစ်ပြီး အဆိုပေါင်း ၅ ခု၊ ကြယ်ပွင့်ပြမေးခွန်း ၃၈ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၆ ခု၊ ကတိကဝတ် ကြယ်ပွင့်မပြမေးခွန်း ၁ ခု၊ ကတိကဝတ်ကြယ်ပွင့်ပြမေးခွန်း ၁၆ ခု အားလုံးပေါင်း ၆၆ ခု ရှိပြီး ဖြစ်သည်။

သို့သော် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃ ပုံ ၁ ပုံ သည် လွှတ်တော်၌ အဆို၊ မေးခွန်း များ တင်သွင်း၊ မေးမြန်းခြင်းမပြုရသေးဟု သိရသည်။ ယင်းကိုယ်စားလှယ်များမှာ ပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးလှမျိုးဆွေနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်(ဖားဆောင်းမဲဆန္ဒနယ်)အပါအဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၅ ဦးတို့ ဖြစ်သည်။

၎င်းတို့အနေဖြင့် လွှတ်တော်အစည်းအဝေးမှာ တင်သွင်းဆွေးနွေးခြင်းမရှိသော်လည်း မိမိ မဲဆန္ဒနယ်ရှိ ဌာနဆိုင်ရာတွေဖွဲ့အစည်းများ၊ဝန်ကြီးများနှင့် ပူးပေါင်းတွေ့ဆုံ၍ စီးပွားရေး၊ ဖွံ့ဖြိုး ရေးကိစ္စများ လုပ်ဆောင်နေသည်ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် (ဖားဆောင်း-၁)က ပြောသည်။

"အခုလောလောဆယ်တော့ ခဲမဖြူမှာရှိတဲ့ ရေကိစ္စမျိုးပေါ့ လွှတ်တော်မှာ မေးခွန်းမေးဖို့ ဘာညာမဟုတ်ဘဲနဲ့ ကျွန်တော့်နည်းနဲ့ လုပ်ပြီးတော့မှ လောလောဆယ်တော့ ခဲမဖြူမှာလည်း ရေသန့်ကိစ္စကို အစိုးရအဖွဲ့က စီစဉ်ပေးတာတွေရှိတာပေါ့"ဟု ဦးဝင်းမြင့်ကပြောသည်။

**(ကိုးကား- ကန္တာရဝတီတိုင်း(မ်))**

## ဦးဝင်းမြင့်ကို ရခိုင်ပြည်နယ် စည်ပင်ဝန်ကြီးအဖြစ် နိုင်ငံတော်သမ္မတ ခန့်အပ်

**မတ် ၁၆၊ ၂၀၁၈**

ရခိုင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး အဖြစ် တောင်ကုတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စား လှယ် ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတက မတ်လ ၁၅ ရက်နေ့က ခန့်အပ်တာဝန်ပေး လိုက်ကြောင်း ပြည်ထောင်စုအစိုးရက ထုတ်ပြန်လိုက်သည်။ ၎င်းသည် NLD ပါတီမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည်။

၎င်းအား ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးအဖြစ်ခန့်အပ်ရန်အတွက် ရခိုင် ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက မတ်လ ၇ ရက်နေ့က ပြည်နယ်လွှတ်တော်သို့ တင် သွင်းခဲ့ရာ မတ်လ ၁၂ ရက်နေ့ ကျင်းပသော လွှတ်တော်အစည်းအဝေး၌ ကန့်ကွက်သူ မရှိသဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ် စည်ပင်သာယာရေး ဝန်ကြီးဦးဝင်းမြင့်က ရခိုင်ပြည်နယ်ရှိ မြို့ ရွာများ စည်ပင်သာယာဖွံ့ဖြိုးရန် လိုအပ်ချက် များစွာရှိနေသည့်အတွက် လိုအပ်ချက်များ ကို တစ်ခုချင်းပြန်လည်ကာရှာဖွေ၍ ဆောင် ရွက်သွားမည်ဖြစ်ကြောင်း၊ စည်ပင်သာယာ ရေးကော်မတီအဖွဲ့တို့သည် ပြည်သူများထံမှ ကောက်ခံရရှိထားသောအခွန်များ ပွင့်လင်း မြင်သာမှုရှိရန် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောသည်။

**(ကိုးကား- thevoicemyanmar.com/ Development Media Group)**

# စည်ပင်ဥပဒေကြမ်းအတည်ပြုရေး အမြန်ဆုံး ဆောင်ရွက်ရန် ရန်ကုန်ဝန်ကြီးချုပ် တိုက်တွန်း


Photo: Aung Naing

**မတ် ၁၅၊ ၂၀၁၈**

ကန့်ကွက်မှုများရှိနေသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကြမ်းအတည်ပြုနိုင်ရေး အမြန်ဆုံးဆောင်ရွက်ကြရန် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံစဉ် တိုက်တွန်းခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မတ်လ ၁၄ ရက်က တိုင်းဒေသကြီးလွှတ်တော်တွင် တွေ့ဆုံခဲ့ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေကြမ်းကို ရှင်းလင်းခဲ့စဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် ဆွေးနွေးရခြင်းမရှိသေးသော်လည်း ကိုယ်စားလှယ်အများစုက ရန်ကုန်မြို့တော်စည်ပင်ကို စီးပွားရေးအဖွဲ့အဖြစ် ပြောင်းလဲမည့် သဘောထားကို သဘောကျကြခြင်း မရှိပေ။

ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်များ၏ တွေ့ဆုံပွဲတွင် အစိုးရအဖွဲ့က တင်ထားသည့် ဥပဒေကြမ်းကို ပြင်ဆင်စရာရှိသည်များကို မြန်မြန်ဆန်ဆန် ပြင်ဆင်ရန်နှင့် အစိုးရက လုပ်ဆောင်သွားမည့် စည်ပင်အဖွဲ့ တည်ဆောက်ပုံများကို အစိုးရအဖွဲ့က ရှင်းလင်းပြောကြားခဲ့ကြောင်း အဆိုပါတွေ့ဆုံပွဲတွင် ပါဝင်သည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက ပြောကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာက အကျိုးအမြတ်ရရှိသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ပြီး ထိုမှရရှိလာသည့် အကျိုးအမြတ်များဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်းကို ရှင်းလင်းသွားခဲ့ကြောင်း ၎င်းကပြောကြားသည်။

ဆဋ္ဌမပုံမှန်လွှတ်တော် အစည်းအဝေးသည် ယခုလ (မတ်လ) အတွင်း ပြီးစီးဖွယ်ရှိသောကြောင့် အဆိုပါ စည်ပင်သာယာရေးဥပဒေကြမ်းသည် အမြန်ဆုံး အတည်ပြုနိုင်ရန်မရှိကြောင်း ဒဂုံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက ပြောကြားသည်။

**(ကိုးကား:- thevoicemyanmar.com)**

# ရေချိုငါးလုပ်ငန်းဥပဒေကြမ်းကို တိုင်းလွှတ်တော်တွင် ဆွေးနွေးမည်

**မတ် ၁၅၊ ၂၀၁၈**

ဧရာဝတီတိုင်း ၂၀၁၇ - ခုနှစ်၊ ရေချိုငါးလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်းသော လေ့လာစိစစ်တွေ့ရှိချက်ကို ဥပဒေပြုရေးကော်မတီက တိုင်းလွှတ်တော်အစည်းအဝေးသို့ တင်သွင်းခဲ့ပြီး ယင်းဥပဒေကြမ်းကို မတ်လ ၂၈ ရက်တွင် ကျင်းပသည့် လွှတ်တော်တွင် ဆွေးနွေးမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

ယခုဥပဒေကြမ်းမှာ ၂၀၁၇ ခုနှစ်က လွှတ်တော်တွင်တင်သွင်းခဲ့ပြီး လွှတ်တော်က လက်ခံရရှိပြီးနောက် လွှတ်တော်ကော်မတီအပါအဝင် သက်ဆိုင်ရာအဖွဲ့များက ဥပဒေကြမ်းကိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများကို လုပ်ဆောင်ခဲ့ကြောင်း၊ ယခုနှစ် မတ်လ ၁၄ ရက်တွင် လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ဥပဒေအတည်ဖြစ်ရေးကို ကျယ်ပြန့်စွာ ဆွေးနွေးနိုင်ရန် လုပ်ဆောင်ခဲ့ကြောင်း ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ ဦးခင်ဝင်းက ပြောသည်။

၂၀၁၇ ခုနှစ်၊ ရေချိုငါးလုပ်ငန်း ဥပဒေကြမ်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးသည် ရေချိုဒေသ၊ ရေငန်ဒေသ၊ ရေချိုရေငန်စပ်ကြားဒေသများရှိသည့်အပြင် မြစ်ချောင်းအင်းအိုင်ပေါများသည့် ဒေသဖြစ်သဖြင့် ဒေသအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးရန်လိုကြောင်း ၎င်းက ဆိုသည်။

ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ၂၀၁၂ ခုနှစ်က ပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းဥပဒေ၏ အားနည်းချက်၊ ချို့ယွင်းချက်များကြောင့် အင်းသားကြီးများနှင့် ရေလုပ်သားငယ်များပြဿနာ၊ အင်းသားကြီးများနှင့် လယ်သမားများကြား ပြဿနာများဖြစ်ပေါ်ခဲ့ရသည့်အပြင် ရေချိုငါးလုပ်ငန်းနှင့်ပတ်သက်၍ မကြာခဏ ဆန္ဒဖော်ပြမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ တိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။

ယခု အသစ်ပြန်လည်ရေးဆွဲထားသည့် ၂၀၁၇ ခုနှစ်၊ ရေချိုငါးလုပ်ငန်းဥပဒေတွင် အခန်းပေါင်း ၁၅ ခန်း ပုဒ်မပေါင်း ၉၇ ခု ပါဝင်သည်။

**(ကိုးကား:- thevoicemyanmar.com)**

# တောင်ပေါ်ဒေသစိုက်ပျိုးရေး ဆောင်ရွက်ပေးမည့်သူအား လယ်ဆည်ဝန်ကြီးခန့်ရန်မျှော်လင့်ဟု မကွေးတိုင်းဒေသကြီး ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ပြောကြား

**မတ် ၆၊ ၂၀၁၈**

မကွေးတိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးအားရွေးချယ်ရာတွင် တိုင်းအတွင်းရှိ တောင်ပေါ်ဒေသများတွင်နေထိုင်သည့် ချင်းတိုင်းရင်းသားများ၏ စိုက်ပျိုးရေးကဏ္ဍကိုမြှင့်တင်ပေးမည့် ဝန်ကြီးတစ်ဦးအား မျှော်လင့်ကြောင်း ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလှထွန်းကပြောသည်။

"မကွေးတိုင်းက ချင်းလူမျိုးတိုင်းရင်းသားတွေ နေထိုင်တဲ့နေရာတွေက တောင်တန်းဒေသ၊ တောင်ကုန်း၊ ကမူမြင့်တဲ့ဒေသတွေ၊ တချို့နေရာတွေမှာဆိုရင် ဆိုင်ကယ်လမ်းတောင်မပေါက်တဲ့ဒေသတွေရှိတယ်။ အဲဒီဒေသတွေကို လမ်းပန်းဆက်သွယ်ရေးဖောက်ပေးပြီးတော့ စိုက်ပျိုးရေးကို ခေတ်မီအောင်လုပ်ပေးနိုင်မယ့်ဝန်ကြီးမျိုးကို မျှော်လင့်မိပါတယ်"ဟု ဦးလှထွန်းက ဆိုသည်။

ချင်းတိုင်းရင်းသားများနေ ထိုင်ရာတောင်တန်းဒေသတွင် ကော်ဖီ၊ ငှက်ပျော၊ ရှောက်သီး၊ လိုင်ချီးစသဖြင့် တောင်ပေါ် စိုက်ပျိုးသီးနှံများဖြစ်ထွန်းသော်လည်း ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးမှုအားနည်းနေသည်။ ထို့ကြောင့် နိုင်ငံတကာစံချိန်မီသည့် အရည်အသွေးနှင့် ဈေးကွက်ဝင်ရေးဖန်တီးပေးရန် လိုအပ်နေကြောင်း ၎င်းကပြောသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး နှစ်နေရာလစ်လပ်နေသည်မှာ နှစ်လခန့်ရှိပြီဖြစ်သည်။ ယင်းနှစ်နေရာအတွက် အကောင်းဆုံးဖြစ်ရန် ယခုလအတွင်း ရွေးချယ်မည်ဟု တိုင်းဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညို က ဆိုသည်။

**(ကိုးကား-http://www.7daydaily.com)**

## သတင်းတို

● ရခိုင်ပြည်နယ်အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများ၏အရည်အသွေး လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်လာစေရေး ထိန်းကျောင်းကြပ်မတ်ပေးရန် ပြည်နယ်အစိုးရထံ တိုက်တွန်းသည့်အဆိုကို ဆက်လက်ဆွေးနွေးရန် ပြည်နယ်လွှတ်တော်ကဆုံးဖြတ်သည်။ ယင်းအဆိုကို မတ်လ ၈ ရက်တွင် ကျင်းပသည့် ရခိုင်ပြည်နယ်လွှတ်တော်အစည်းဝေး၌ အမ်းမဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေးကတင်သွင်းခဲ့ပြီး ပြည်နယ်လွှတ်တော်က ဆက်လက်ဆွေးနွေးရန် ထောက်ခံအတည်ပြုခဲ့သည်။ **(ကိုးကား-www.7daydaily.com)**

● တိုင်းဒေသကြီးအစိုးရအဖွဲ့ သုံးစွဲရမည့် ခြောက်လဘတ်ဂျက်နှင့်ပတ်သက်၍ ဆွေးနွေးအတည်ပြုနိုင်ရန် ဒုတိယအကြိမ်မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးကို မတ်လ ၂၃ ရက်တွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း တိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးကပြောကြားသည်။မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို ယခင်သတ်မှတ်ထားသည့် ဧပြီ ၁ ရက်မှ မတ်လ ၃၀ ရက်အစား အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပြင်ဆင်သတ်မှတ်သဖြင့် ကြားကာလ ဘတ်ဂျက်အသုံးစရိတ်အတွက် လွှတ်တော်က အတည်ပြုဆောင်ရွက်ရခြင်းဖြစ်သည်။

**(ကိုးကား- www.7daydaily.com)**

# သစ်တောမြေငှားရမ်းခနှုန်းထားများ အလွန်နည်းပါးနေကြောင်း ပဲခူးတိုင်းလွှတ်တော်ကိုယ်စားလှယ်ပြော

**မတ် ၂၊ ၂၀၁၈**

သစ်တောမြေ ငှားရမ်းခနှုန်းထားများသည် ခေတ်နှင့်မလျော်ညီဘဲ အလွန်နည်းပါးနေကြောင်း တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး(သဲကုန်း-၁)က ပြောကြားသည်။

ဖေဖော်ဝါရီ ၂၇ ရက် ပဲခူး တိုင်းဒေသကြီးလွှတ်တော်တွင် ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၏ သစ်တောနယ်မြေများ၌ လုပ်ကိုင်ခွင့်ချထားပေးခြင်းများကို ပြန်လည်စိစစ်ပေးရန် တိုက်တွန်းသောအဆိုကို ထောက်ခံဆွေးနွေးရာ၌ ၎င်းက အထက်ပါအတိုင်း ပြောကြားသည်။

"သစ်တောပိုင်မြေတွေကို ဦးပိုင်ကိုငှားရမ်းထားတဲ့ မြေငှားရမ်းခတွေကို လေ့လာကြည့်တဲ့အခါ ခေတ်နဲ့မလျော်ညီတော့ဘဲ အလွန်နည်းပါးတယ်၊ ရယ်စရာဖြစ်နေတယ်။ ဒါကိုမပြုပြင်နိုင်ရင် တိုင်းပြည်ရဲ့ဘဏ္ဍာငွေတွေ အများကြီးနစ်နာဆုံးရှုံးရမှာ ဖြစ်ပါတယ်"ဟု ဦးဇော်နိုင်ဦးကပြောသည်။

ပြည်ခရိုင်အတွင်းရှိ ပြည်၊ သဲကုန်း၊ ပေါက်ခေါင်း၊ ပေါင်း တည်မြို့နယ်တို့ဆက်စပ်ရာ ရှားပြင်ကြိုးဝိုင်း သစ်တောမြေကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ထံ နှစ် ၃၀ အငှားချထားရာတွင် ၂၀၀၆ မှ ၂၀၀၉ အထိ တစ်ဧကလျှင် တစ်နှစ်ငှားရမ်းခ ကျပ်တစ်ရာနှုန်း၊ ၂၀၁၀ မှ ၂၀၁၃ အထိ တစ်ဧကလျှင် ကျပ် ငါးရာနှုန်း၊ ၂၀၁၄ မှ ၂၀၁၇ အထိ တစ်ဧကလျှင် ကျပ်တစ်ထောင်နှုန်းဖြင့် အသီးသီးသတ်မှတ် ငှားရမ်းခဲ့သည်ဟု ၎င်းကပြောသည်။

"မြေငှာရမ်းခတွေကို ပြည်ထောင်စုအစိုးရက ပြဋ္ဌာန်းထားတဲ့ဥပဒေအတိုင်း ကောက်ခံနေရတာဖြစ်တယ်။ တိုင်းဒေသကြီးအစိုးရအနေနဲ့ ပြည်ထောင်စုအစိုးရရဲ့ ဥပဒေတွေကို ဘောင်ကျော်ပြီး ချက်ချင်းပြောင်းလဲလို့ မရပါဘူး။ နိုင်ငံအကျိုးအတွက် ခေတ်နဲ့မလျော်ညီတဲ့ ငှားရမ်းခနှုန်းတွေကို ပြောင်းလဲသွားဖို့တော့ ဆောင်ရွက်ရမှာပါ"ဟု ပဲခူးတိုင်းဒေသကြီး သစ်တောနှင့်သယံဇာတဝန်ကြီး ဒေါက်တာစောညိုဝင်းက ပြောသည်။

**(ကိုးကား-www.7daydaily.com)**